



# ကမ္ဘာကြီးကိုဖန်တီးသူ

## နှင့်

## အခြားပုံပြင်များ

မောင်ခေတ်ထွန်း



ဒုတိယအကြိမ်

# အိမ်ခေါင်မိုးပေါ်က ဆိတ်ကလေး

တစ်ခါက ဆိတ်ငယ်လေးတစ်ကောင်သည် အိမ်တစ်အိမ်၏ ခေါင်မိုးတစ်ခုပေါ်တွင် မြက်စိမ်းကောင်းကောင်း များ ပေါက်နေသည် ကို တွေ့မြင်ရာ စားချင်သောကြောင့် အိမ်ခေါင်မိုးပေါ်သို့ တက်ကာ မြက်များကို စားလေသည် ။

ထိုအချိန်တွင် ဆိတ်ကလေးသည် ဝံပုလွေတစ်ကောင်အောက်မှ ဖြတ်သွားသည် ကို တွေ့လိုက်ရလေသည် ။

ဆိတ်ကလေးက ဝံပုလွေအား . . .

"သင် ဒီအပေါ်ကို မတက်နိုင်ပါဘူး" ဟု ကျီစယ်လေသည် ။

ထိုအခါ ဝံပုလွေက . . .

"ဒါ လှောင်ပြောင်စရာမဟုတ်ပါဘူး။ အခု သင်ဟာ လုံခြုံတဲ့ နေရာရောက်နေလို့ သာ ငါ့ကို နှောက်ပြောင်ကဲ့ရဲ့ မခန့်လေးစား လုပ်နေတာမဟုတ်လား။ တစ်နေ့ သင်ပြန်ခံရမယ့် အချိန်ကျရင်တော့ ဝမ်းမနည်းနှင့်" ဟု ဒေါသတကြီး ပြောဆို လိုက်လေသည် ။

**မိတ်ဆွေဖြစ်အောင်သာ လုပ်ပါ။ ရန်သူဖြစ်အောင်မလုပ်ပါနှင့်။**

[My Favourite Animal Stories စာအုပ်မှ The Kid on the House – Top]



*

# မြည်းနှင့်ဖားများ

တစ်ခါက မြည်းတစ်ကောင်သည် ကျောပေါ်တွင် သစ်တုံးများကိုတင်ကာ တောကြီးအတွင်း လှမ်းလာခဲ့လေသည် ။ တစ်နေရာအရောက်တွင် မြည်းသည် ရွှံ့ညွှန်အတွင်းသို့ လဲကျသွားလေသည် ။ မြည်းသည် ရွှံ့ညွှန်အတွင်း အားယူလူးလဲထကာ ကြိုးစားသည် ။ ကိုယ်ပေါ်တွင် ဝန်ထုပ်ဝန်ပိုးများ ဖြင့် လဲကျသည် ဖြစ်ရာ ခြေထောက် ထိခိုက်ဒဏ်ရာရသွား၍ လဲကျသွားလိုက်၊ ပြန်ထလိုက်ဖြင့် ဖြစ်နေလေသည် ။ ဤအခြေအနေအတိုင်းဖြစ်နေပါက မြည်းသည် မကြာမီ ရွှံ့ညွှန်အတွင်း သေဆုံးရတော့မည် ဖြစ်သည် ။

မြည်းသည် ရွှံ့ညွှန်အတွင်း ပြန်လည်ထမရတော့ဘဲ ဒဏ်ရာကြောင့် ညည်းညူကာ နေလေသည် ။

မြည်းလဲကျနေသည့် ရွှံ့ညွှန်အိုင်ကြီးတွင် ဖားများ နေထိုင်ကြရာ ဖားများ သည် မြည်းကိုကြည့်ကာ . . .

"အို . . . မိတ်ဆွေ ၊ ဒီလောက် ရွှံ့ညွှန်အိုင်ကလေးထဲကျတာများ ဖြစ်နေလိုက်တာ။ အကဲပိုနေလိုက်တာ။ ကျွန်ုပ်တို့ ဆို ဒီရွှံ့ညွှန်အိုင်ထဲမှာ ပဲနေကြတာ။ ကျွန်ုပ်တို့လို ခင်ဗျား ဒီအိုင်ကြီးထဲမှာ ကြာကြာနေပါလား" ဟု ပြောဆိုကြလေသည် ။

**အခြေအနေတစ်ခုသည် တစ်ဦးအတွက် ကောင်းသော်လည်း အခြားတစ်ဦးအတွက်မူ ဆိုးရွားစေတတ်သည် ။**

[Fables from Aesop စာအုပ်မှ The Ass and the Frogs]




*